ကျည်တောက်ပေါက်ကျေးရွာ

ရှောက်ပင်ရိုးကျေးရွာအုပ်စု

စဉ့်ကူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျည်တောက်ပေါက်ကျေးရွာ၊ စဉ့်ကူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

မာတိကာ

မာတိကာ ၂

၁. စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ကျည်တောက်ပေါက်ကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ကျည်တောက်ပေါက်ကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၄

၃. စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ကျည်တောက်ပေါက်ကျေးရွာ၏ **ကျေးရွာတွင်း၊ ရွာပြင် အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ** ၅

စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ကျည်တောက်ပေါက်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

၄.စ။ ပညာရေး ၁၀

၄.ဆ။ ကျန်းမာရေး ၁၁

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၂


၄.ဈ။ ကျား – မ ရေးရာ ၁၄

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၈
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၂၂


၁. စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ကျည်တောက်ပေါက်ကျေးရွာ၏ သယ်ဇာတပြမြေပုံ



၂. စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ကျည်တောက်ပေါက်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၃. စဉ်ကူးမြို့နယ်၊ရှောက်ပင်ရိုးအုပ်စု၊ကျည်တောက်ပေါက်ကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၄. စဉ့်ကူးမြို့နယ်၊ ရွောက်ပင်ရိုးအုပ်စု၊ကျည်တောက်ပေါက်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ကျည်တောက်ပေါက်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ် တွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး စဉ့်ကူးမြို့၏ အရှေ့မြောက်ဘက် (၁၅)မိုင် ခန့်တွင် တည်ရှိပါ သည်။ ကျေးရွာသည် မန္တလေး-မိုးကုတ်ကားလမ်းပေါ်တွင် တည်ရှိပါသည်။ ကျည်တောက်ပေါက် ကျေးရွာ၏အကျယ်အဝန်းမှာ(၁၁၃)ဧကခန့်ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာစဉ့်ကူးမြို့ဖြစ်ပါသည်။ ရွာ၏ မြောက်ဘက် (၁)မိုင် ခန့်တွင် သပိတ်ကျင်းမြို့နယ် ၊ချောင်းကြီးကျေးရွာ၊အရှေ့ဘက်(၁)မိုင်ခန့် အကွာ တွင် ကန်တောင်ကျေးရွာ၊ တောင်ဘက်(၁)မိုင်ခန့်အကွာတွင် နွယ်ရုံကျေးရွာ၊ပတ်ပတ်လည်တွင် တောင်တန်းများ ရှိပါသည်။ကျည်တောက်ပေါက်နှင့်စဉ့်ကူးမြို့သို့ ဆက်သွယ်သောလမ်းမှာ ကတ္တရာ လမ်းဖြစ်၍ ရာသီမရွေးသွားလာနိုင်ပါသည်။ကျည်တောက်ပေါက်ကျေးရွာသည် ရွှေလုပ်ငန်းကို အဓိက လုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများ၊တောင်တန်းများနှင့် အမြဲတမ်းစိမ်းလန်းစိုပြေ၍ သာယာလှပသော ကျေးရွာတစ်ရွာဖြစ်သည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျည်တောက်ပေါက်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ မိုးရာသီတွင် တစ်ခါတရံ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများကျလာပြီး ကျေးရွာအတွင်း ရေလျံခြင်းများ ဖြစ် ပေါ်တတ်ပြီး ရာသီဥတု မှုန်ကန်ခြင်းမရှိပါ။ ယာမြေ (၂၁၀) ဧကရှိပြီး ပဲစိမ်းငုံ ၊နှမ်းနှင့်လျော်ဖြူတို့ကို အဓိကထားစိုက်ပျိုးကြသည်။

၄.၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျည်တောက်ပေါက်ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၇) ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင် ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။ကျည်တောက်ပေါက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ နှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင် ရန်အတွက် နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ ၊ ဟင်းချက်အဖွဲ့များမှ စီမံခန့်ခွဲဦးဆောင်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်း လိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.၉။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျည်တောက်ပေါက်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေး၊အရောင်းအဝယ်နှင့်ရွှေလုပ်ငန်းဖြစ်ပါသည်။ **စုစုပေါင်းအိမ်ထောင်စု၏ (၂၁၇၃ အိမ်ထောင်စု)တွင် အများစုမှာ နေ့စား(ကျပန်း) လုပ်ကိုင်ကြပါသည်။ ကျည်တောက်ပေါက်** ကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့်ဖြင့် ခွဲခြား

ထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့်အခြေအနေအရ ချမ်းသာသောမိသားစုမှာ ကျေးရွာ အိမ်ထောင်စု၏ (၉.၇၆%)ဖြင့်အနည်းဆုံးဖြစ်သည်ကိုတွေ့ရှိရပါသည်။ဆင်းရဲသားမိသားစုမှာ(၇၄၉)ဦး (၆၇.၅၅%) ဖြစ်သောကြောင့် အိမ်ထောင်စု များ၏ အများဆုံးအရေအတွက်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

၄.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ကျည်တောက်ပေါက်ကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် မီးသတ်ရုံး၊ တိုက်နယ်ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းရှိပါသည်။ကျည်တောက်ပေါက် ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီးမိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများလမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန်လိုအပ်သည်။လျှပ်စစ် မီးလင်းရေး အခြေအနေမှာစုစုပေါင်းအိမ်ထောင်စု (၁၅၆၀)သည် မဟာဓါတ်အားလိုင်းကိုအသုံးပြုနေကြပါသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေး မရှိပါ။ အခြားသော သယ်ယူပို့ဆောင်ရေး ယာဉ်များကို ဇယားတွင် ဖော်ပြ ထားပါသည်။စက်ဘီး(၆၄)စီး မှာ ရွာတွင်း နှင့် ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြသည်။နွားလှည်း(၇)စီးနှင့် ဆိုင်ကယ် (၁၇၅၃) စီး မှာ သယ်ယူ ပို့ဆောင်ရေး ဝန်တင် အဖြစ်သုံးပြီး၊လုပ်ငန်းသုံးအနေဖြင့် သုံးဘီးဆိုင်ကယ် (၃၅)စီး၊ ထော်လာကျီ (၆၀) စီးရှိသည်။ကား အစီး (၁၅၂) မှာ လုပ်ငန်းသုံးနှင့် အိမ်စီးကားများဖြစ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြု နိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

၄.စ။ ပညာရေး

ကျည်တောက်ပေါက်ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများမှာ လည်း အခြေခံပညာအဆင့်ထိ(၂၉၅၃)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်း ဧရိယာ စတုရန်းပေ(၃၀၂၆၁) ရှိသည်။ စာသင်ကျောင်းဆောင်၏အရည်အသွေးမှာ ကောင်းသည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှုမရှိသေးပါ။ ကျေးရွာ၏ စာမတတ်သူဦးရေမှာ ၉နှစ်အထက် စုစုပေါင်းလူဦးရေ (၆၉၆)မျှသာဖြစ်ပြီး မူလတန်းပညာပြီးဆုံးသူမှာ (၁၁၃၂) ဖြစ် ပါသည်။ ကျေးရွာတွင်စာတတ်မြောက်မှုနှုန်းများခြင်းနှင့် ပညာရေး စိတ်ဝင် စားသော ကျေးရွာဖြစ်ကြောင့် လေ့လာတွေ့ရှိရပါသည်။

၄.ဆ။ ကျန်းမာရေး

ကျည်တောက်ကျေးရွာတွင် တိုက်နယ်ဆေးရုံဒရှိသည်။ကျေးရွာသူ/ ကျေးရွာသားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါ ဖြစ်ပွားသူများမှာ အနည်းငယ်မျှသာရှိပြီး အများစုမှာ ကျန်းမာရေးကောင်းမွန်ကြပါသည်။ လူများသည် အစားအသောက်များ ဆင်ခြင်မှုနည်းပါးခြင်း၊ကျန်းမာ ရေး ဧဟုတုသနည်းပါးခြင်းတို့ကြောင့် သွေးတိုးရောဂါ အဖြစ်များသည်။ အဝီစိ စက်တပ်နှင့် တုံကင်တွင်းများ သော်လည်း ထုံးဓါတ်များသောကြောင့် သုံးရေသာရရှိပြီး သောက်ရေကို ရေသန့်စက် များမှ ဝယ်ယူသောက်သုံးကြရသည်။ ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျည်တောက်ပေါက်ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြု

မှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား - မရေးရာ

ကျည်တောက်ပေါက်ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက် မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင် သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာအခွင့်အရေး မှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ကျည်တောက်ပေါက်ကျေးရွာတွင် ထွန်တောက်ရောင်ခြည်ကော်မတီ၊သုဇနသဟာရလူမှုကူညီရေးအသင်းတို့မှ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကိုးပူးပေါင်းလုပ်ကိုင်ကြသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁
၂	ပညာရေး(ကျောင်းသုံးပရိဘောဂနှင့်အားကစား ကွင်း ဆောင်ရွက်ပေးခြင်း)	၅
၃	ကျန်းမာရေး(သန့်ရှင်းသောရေတွင်းများ တူးဖော်ခြင်း)	၃
၄	လျှပ်စစ်မီး(လျှစ်စစ်မီးတိုင်များတိုးမြှင့်ခြင်း)	၂
၅	သဘာဝဘေး(ရေမြောင်းဖော်ခြင်း)	၄

ကျည်တောက်ပေါက် ကျေးရွာ၊ ရှောက်ပင်ရိုး ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသန်းထွန်း	ဦးပေါအောင်	၉/စကန(နိုင်)၀၀၂၆၆၄	၆၂	ဥက္ကဋ္ဌ	၀၉-၇၉၁၂၂၃၃၇
၂	ဦးမြင့်သန်း	ဦးဘိုးလား	၉/စကန(နိုင်)၀၉၃၁၈၉	၄၄	တွဲဖက်ဥက္ကဋ္ဌ	၀၉-၄၄၄၂၀၆၉၉၁
၃	ဒေါ်ဇင်မာမြင့်	ဦးမြင့်	၉/စကန(နိုင်)၁၉၉၅၂၉	၃၃	အတွင်းရေးမှူး	၀၉-၄၄၂၂၀၅၀၀၇
၄	ဒေါ်နွယ်အေး	ဦးဘကြည်	၉/စကန(နိုင်)၀၆၄၂၄၀	၄၃	တွဲဖက်အတွင်းရေးမှူး	၀၉-၇၇၄၅၀၅၈၉
၅	ဦးငယ်လေး	ဦးမောင်စန်း	၉/စကန(နိုင်)၁၁၀၈၅၁	၄၀	စာရင်းကိုင်(၁)	၀၉-၇၉၁၁၂၁၄၃၃
၆	ဒေါ်ဇာခြည်ဦး	ဦးဝင်းဦး	၉/စကန(နိုင်)၀၉၄၀၆၀	၂၅	စာရင်းကိုင်(၂)	၀၉-၇၉၀၆၀၀၄၃၈
၇	ဦးမင်းကိုကို	ဦးဝင်းအောင်	၉/စကန(နိုင်)၀၇၆၄၉၂	၃၀	ဘဏ္ဍာရေးမှူး	၀၉-၇၉၀၂၀၆၄၉၆
၈	ဦးဝင်း	ဦးထွန်းဖေ	၉/စကန(နိုင်)၀၄၃၄၈၅	၆၂	အဖွဲ့ဝင်	၀၉-၇၉၄၆၄၂၂၁၉
၉	ဒေါ်ခင်ဆွေဝင်း	ဦးစိန်ဝင်း	၉/စကန(နိုင်)၀၇၃၈၇၄	၅၁	အဖွဲ့ဝင်	၀၉-၇၈၅၆၁၄၀၆၆
၁၀	ဦးစိုးနိုင်	ဦးအာနီ	၉/စကန(နိုင်)၀၂၁၄၈၇	၅၀	အဖွဲ့ဝင်	-
၁၁	ဒေါ်မြမြမွန်	ဦးဘသိန်း	၉/စကန(နိုင်)၀၁၄၃၅၄	၄၈	အဖွဲ့ဝင်	၀၉-၈၉၉၄၆၅၅၂၄
၁၂	ဒေါ်မာလာသင်း	ဦးဝင်းအောင်	၉/စကန(နိုင်)၁၁၄၆၀၈	၄၀	အဖွဲ့ဝင်	၀၉-၇၈၄၉၈၈၇၇၆၀
၁၃	ဒေါ်အေးအေးမွန်	ဦးအေးအောင်	၉/စကန(နိုင်)၀၃၈၁၆၇	၃၈	အဖွဲ့ဝင်	၀၉-၇၉၄၄၅၈၇၂၃
၁၄	ဒေါ်မိုးမိုးခိုင်	ဦးလှဒေါင်း	၉/စကန(နိုင်)၁၀၄၅၃၅	၄၃	အဖွဲ့ဝင်	၀၉-၄၂၉၉၄၃၀၃၆
၁၅	ဦးမိုးကျော်	ဦးဘဂျမ်း	၉/စကန(နိုင်)၀၅၃၇၈၂	၅၈	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈၇	၉၈	၁၈၅
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၃၂	၄၅၂	၇၈၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၅၉	၆၁၂	၁၂၇၁
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၈၇၅	၉၀၄	၁၇၇၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၉၆၀	၃၀၁၆	၅၉၇၆
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၈၇	၂၅၆	၄၄၃
စုစုပေါင်း		**၅၁၀၀**	**၅၃၃၈**	**၁၀၄၃၈**
စုစုပေါင်း အိမ်ထောင်စု				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်အခြားဒေသများမှလုပ်ငန်းလုပ်ကိုင်ကြသည်မှာများသောကြောင့်အိမ်ထောင်စုစာရင်းကောက်ယူမှုမှာတစ်နှစ်နှင့်တစ်နှစ်ကွဲပြားမှုရှိနိုင်သည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်းစသည်)
လယ်မြေ				
ယာမြေ	၂၁၀	သင့်	ရ	မြေအောက်ရေ
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				

စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ ရေရှိသည့်အရင်းအမြစ်အမျိုးအစား -ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျွန်တော်တို့ကျေးရွာသည် ယာမြေ (၂၁၀)ဧကရှိပြီး လျော်ဖြူ၊နှမ်း၊ပဲစိမ်းငုံတို့ကို အဓိကထားစိုက်ပျိုးကြပါသည်။မြေအောက်ရေ အလုံ အလောက် ရရှိပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	သင့်	ခက်
အခြားသဘာဝအရင်းအမြစ်	သင့်	ခက်
တိရစ္ဆာန်မျိုးစိတ်များ	နည်း	လက်လှမ်းမမှီ
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	နည်း	လက်လှမ်းမမှီ
ပျမ်းမျှအပူချိန် – ၃၈	ပျမ်းမျှ မိုးရေချိန် – ၅″	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင်ဆောက်လုပ်ရေးအတွက် အသုံးဝင်သောကျောက်သဲကိုလုံလောက်စွာရရှိနိုင်ပါသည်။ရွှေသတ္တုထွက်ရှိသောလည်းကျေးရွာ လူထု အနေဖြင့် အရင်းအနှီးနှင့်နည်းပညာအားနည်းသောကြောင့် ထိရောက်သော အကျိုးအမြတ်ကို မရ ရှိနိုင်ကြပါ။၄င်းအပြင် ရွှေထွက်သောနေရာများကိုလည်းပုဂ္ဂလိကကုမ္ပဏီကြီးများမှသိမ်းယူထားသောကြောင့် ကျေးရွာ သူ/သားအနေဖြင့်၄င်းရွှေတွင်းများတွင်နေ့စားအဖြစ်သာသွားရောက်အလုပ် လုပ်ကြ ရ သည်။ သရင်းကြီး မြစ်၊ ဆင်တုံးမန္တယ်စသည့်အပင်များသာသဘာဝ အရင်းအမြစ်အဖြစ်ရှိပြီး လမ်းလှမ်း မှီနိုင်မှု နည်းသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ
ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
၁	ထွန်းတောက် ရောင်ခြည် ကော်မတီ	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	သင့်
၂	သုဇနသဟာ ရလူမှုကူညီ ရေးအသင်း	၁☐ ၂☐ ၃☑	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း
၃	မီးသတ်	၁☑ ၂☐ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ညံ့
၄	ကျောင်း ကော်မတီ	၁☐ ၂☑ ၃☐	ပညာရေး☑ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	သင့်
၅	ပုညသုခ နာမှုကူညီ ရေးအသင်း	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	သင့်
၆	မီးလင်းရေး ကော်မတီ	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	သင့်

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၇	အလိုင်းရင်း	၁□ ၂☑ ၃□	ပညာရေး□ကွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	သင့်

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာအတွင်း၌ လူထုအခြေပြု အဖွဲ့အစည်း (၇)ခုရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧကနှင့် အထက်	၅ဧကနှင့်၁၀ဧကကြား	၁ဧကနှင့်၅ဧက ကြား	၁ဧကအောက်နှင့် မြေယာမဲ့
အိမ်အခြေအနေ	တိုက်/သွပ်မိုး	ပျဉ်ထောင်/သွပ်မိုး	ထရံကာ/သွပ်မိုး	ဝါးခင်း/သွပ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား/ထော်လာ ဂျီ/ရေစုပ်စက်/ ထွန်စက်	ဆိုင်ကယ်/ ရေစုပ်စက်	ရေစုပ်စက်/ မြက်ရိတ်စက်	မြက်ရိတ်စက်
အဓိကစီးပွားရေးလုပ်ငန်း	ရွေ	ရွေ	ကျပန်း	ကျပန်း
အိမ်ထောင်စု	၂၁၂	၄၉၂	၆၃၅	၈၃၄

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု ၊ကုန်ထုတ်လုပ်မှုဆိုင်သော ပစ္စည်းပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည်ကို အရေးပါသည်ကို တွေ့ရသည်။ ဥစ္စာဓနအဆင့်ကို အဆင့်(၄)ဆင့်သတ်မှတ်၍ ပြေလည်သောအိမ်ထောင်စု(၆၀၇)ဦး၊ အလယ်အလတ်အဆင်ပြေသောအိမ်ထောင်စု(၅၇၆)၊ အဆင်မပြေသောအိမ်ထောင်စု(၅၇၀)၊အလွန် အဆင်မပြေသော အိမ်ထောင်စု(၄၂၀)ဦး ရှိသည်ကို တွေ့ရသည်။ ကိုင်းကျွန်းမြေများတွင် စိုက်ပျိုးရေးလုပ်ကိုင်သူနည်းပါးပြီး ရွှေလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၄	၅.၂%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၇၂၀	၃၃.၁၃%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၆၃၅	၂၉.၂၂%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား(၅ဟတ်တာထိ)	၄၉၂	၂၂.၆၄%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်)	၂၁၂	၉.၇၆%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၁၇၃	၁၀၀%	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမ်ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင် စု (၁၄၄)အိမ်၊ဆင်းရဲသားတောင်သူ(၇၂၀)အိမ်၊တောင်သူငယ်(၆၃၅)အိမ်၊ အလယ်အလတ်စား တောင်သူ (၄၉၂)အိမ်၊တောင်သူကြီး(၂၁၂)အိမ်သာ ရှိသော်လည်း စိုက်ပျိုးမြေအများစုကို လူနည်းစု မှ ပိုင်ဆိုင်ကြောင်း တွေ့ရသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	
ပဲစိမ်းငုံ	၁၂၀	တင်း	၁၅	၃၀	၂၀	သင့်
နှမ်း	၉၀	တင်း	၈	၁၅	၁၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယာမြေဧက (၂၁၀)ဧက ရှိပြီး ပဲစိမ်းငုံနှင့်နှမ်းတို့ကို စိုက်ပျိုးလျက်ရှိပါသည်။ စိုက်ပျိုးစရိတ်ကုန်ကျငွေနှင့် ရရှိသည့် သီးနှံထွက်နှုန်းတို့မှာ သင့်လျော်မှု ရှိသောကြောင့် အမြတ်ရရှိမှု အသင့်အတင့် ရှိပါသည်။ပဲစိမ်းငုံ စိုက်ကမှာ(၁၂၀)ဧကရှိပြီး သီးနှံထွက်နှုန်း မှာ ၁ဧကလျှင် ပျမ်းမျှ (၂၀)တင်းထွက်ရှိပါသဖြင့် သင့်တင့်သော အမြတ်ငွေတို့ကို ရရှိပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		
နို့စားနွား		
ကျွဲ		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မြင်း	၇အိမ်၊တစ်ပိုင်တစ်နိုင်	၁၅ကောင်
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၅၀အိမ်၊တစ်ပိုင်တစ်နိုင်	၁၅၀ကောင်
ကြက်	၁၅၆အိမ်၊တစ်ပိုင်တစ်နိုင်	၁၂၃၅
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်မွေးမြူခြင်းမရှိပါ။မွေးမြူရေး လုပ်ကိုင်သူ (၂၀၆) အိမ်ထောင်စု သာ ရှိပြီး တစ်ပိုင်တစ်နိုင်အနေဖြင့် မွေးမြူကြသည်။ ကြက်၊ဝက်ကို အဓိကမွေးမြူပြီး ဝင်ငွေ အနည်းအပါးရရှိရန်အတွက် မွေးမြူကြသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း	၃	၅၉၇၆	၅၉၇၆	ရွှေလုပ်ငန်းတွင် လုပ်ငန်းရှင်များထံ၌ နေ့စား၀င်ရောက်လုပ်ကိုင်ကြရသည်။
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး				
၈	ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွှေလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသော်လည်း လုပ်ငန်းရှင်များထံတွင် နေ့စား ဝင်ရောက်လုပ်ကိုင်ကြရသဖြင့် ရပ်တည်နိုင်မှု နိမ့်သည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ကျေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ကျေးကွက်လက်လှမ်းမီမှု အခြေအနေ

ကျေးကွက်လက်လှမ်းမီမှု	အနီးဆုံးကျေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားကျေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ကျေးအမည် (မြို့/ ရွာ)		
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☑ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☑၁၀၀မိုင် အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရွာတွင်းကျေးရှိပြီး ကုန်စိမ်းနှင့် အသားငါး၊အခြားလူသုံးကုန်းပစ္စည်းအမျိုးမျိုးတို့ကို လုံလောက်စွာ ရရှိနိုင်ပါသည်။ထို့အပြင် မန္တလေးမြို့ကျေးမှ ကားဖြင့် သယ်ယူ၍ ပြန်လည်ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများ ပြုလုပ်ကြပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑၂☐၃☐ ၄☐၅☐	ကောင်း☐ သင့်☐ ညံ့☑	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑	၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ချဉ်းကပ်လမ်း	၁☑၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့☑	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑	၀–၁ မိုင်□ ၁–၅ မိုင်☑ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁☑၂□၃□ ၄□၅□	ကောင်း□ သင့်□ ည☑	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑	၀–၁ မိုင်□ ၁–၅ မိုင်☑ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း -၃၊ကွန်ကရစ်လမ်း -၄၊ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရွံ့များဖြင့် သွားလာ ရန် လွန်စွာအခက်အခဲဖြစ်ပါသည်။ဇင်းလမ်းကို ကျောင်းတက်နေသော ကျောင်း သား/သူများနှင့် ရွာသူ/သားများ အသုံးပြုသွားလာနေကြရပါသည်။

(၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ□တစ်နှစ်ပတ်လုံး☑
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်□ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး☑

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် မြစ်ကြောင်းနှင့်ပင်လယ်ရေကြောင်း အသုံးပြုခြင်းမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၆၄	၁၇၅၃	၃၅	၆၀	၁၅၂	၇	

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စက်ဘီး ကို ကျောင်းသား/သူများမှ အသုံးပြုကြပါသည်။ သုံးဘီးဆိုင်ကယ်ကို စီးပွားရေးအနေဖြင့် လိုင်းဆွဲခြင်း၊ကုန်သွယ်ခြင်းတွင် အသုံးပြုကြပါသည်။ ထော်လာကျီများကို ကျောက်၊သဲများသယ်ဆောင်ရာတွင် အသုံးပြုပြီး မြင်းလှည်းကို ကျေးရွာချင်းဆက်ကျေးရွာများသို့ ပို့ဆောင်ရာတွင် အသုံးပြုသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၉၆၀
ဆိုလာစနစ်	
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	၂၁၃
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီး အိမ်ထောင်စု (၁၉၆၀)အိမ်ရှိပြီး အိမ်ထောင်စု(၂၁၃)မှာ ငွေကြေးရေးအခက်အခဲများရှိသောကြောင့် လျှပ်စီးမီး သုံးစွဲ နိုင်ခြင်းမရှိသဖြင့် ဒီဇယ်အင်ဂျင်ကို အသုံးပြုနေကြပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၅၉၈၀	-	၂၁၇၃

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ဆက်သွယ်ရေးလွယ်ကူနိုင်ရေးအတွက် ဖုန်းများကို အသုံးပြုသည်မှာ ကောင်းသော်လည်း ထွက်ငွေအရမ်းများနေသည်ကို လေ့လာတွေ့ရှိရပါသည်။ မိမိတို့၏ လူမှုဘဝ တိုးတက်ရေးအတွက် အသုံးပြုခြင်းမဟုတ်ဘဲ လွဲမှားစွာ အသုံးပြုနေခြင်း၊ဝင်ငွေနှင့် ထွက်ငွေ ကိုက်ညီမှု မရှိသည်ကို တွေ့ရပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၅၅၈	၅၇၄	၁၁၃၂
အလယ်တန်း	၃၈၀	၄၃၉	၈၁၉
အထက်တန်း	၁၁၂	၁၅၂	၂၆၄
တက္ကသိုလ်/ကောလိပ်	၂၁၅	၅၂၃	၇၃၈

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် 'ဘုန်းကြီးကျောင်းသင်ပညာရေး' ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြေ ခံပညာ အထက်တန်းကျောင်း(၁)ကျောင်းရှိပြီး မူလတန်းမှ အထက်တန်းအထိ ၎င်းကျောင်းတွင် တက်ရောက်ကြပြီး တက္ကသိုလ်/ကောလိပ် များကို

မန္တလေးမြို့သို့ တက်ရောက်နေသည်ကို တွေ့ရပါသည်။

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☑			မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☑			မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☑		
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐			ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐			ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၃၀၂၆၁စတုရန်းပေ								
င။အမိုးနံရံအခင်း အရည်အသွေး	ကောင်း☑သင့်☐ညံ့☐			ကောင်း☑သင့်☐ညံ့☐			ကောင်း☑သင့်☐ညံ့☐		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑			လုံလောက်မှုရှိသည်☐မ လုံလောက်ပါ ☑		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၉	၅၆	၆၅	၉	၅၆	၆၅	၉	၅၆	၆၅
ကျေးရွာခန့်									

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ(စတုရန်းပေ=အလျား×အနံ)သည်စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်း

အဆောက်အဦ အားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။
လေ့လာတွေ့ရှိချက်။ ။ အခြေခံပညာ အထက်တန်းကျောင်းသည် ကျေးရွာ၏ အတွင်း၌သာ တည်ရှိသဖြင့် သွားလာရန် လွယ်ကူပါသည်။ကျောင်းအဆောက်အဦသည် နှစ်ထပ်ကျောင်းဆောင် (၄)ဆောင်၊တစ်ထပ်ကျောင်းဆောင်(၇)ဆောင်ရှိပါသည်။ ကျောင်းအားကစားပစ္စည်းနှင့် ကျောင်းသုံး ပရိဘောဂများ လုံလောက်မှု မရှိပါ။ ကျောင်းစာကြည့်တိုက် ရှိပြီး စာအုပ်နည်းပါးသောကြောင့် စာသွားရောက်လေ့လာဖတ်ကြားမှု နည်းပါသည်။ကျောင်းတွင် အမှိုက်များစွန့်ပစ်ရန် နေရာခက်ခဲခြင်း၊အမှိုက်များစွန့်ပစ်ရာတွင်လည်း ယာဉ်မရှိသဖြင့် ကျောင်းသား/သူများအားအသုံးပြုနေရပါ သည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပုံနှိပ်မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောက	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၆	တီဘီ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၇	ဆီးချို	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၈	သွေးတိုး	*မြင့်*☑	*နိမ့်*☐	*မရှိ*☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သွေးတိုးရောဂါမြင့်မားရခြင်းအကြောင်းမှာ လူများ သည် အစားအသောက်များ ဆင်ခြင်မှုနည်းပါးခြင်း၊ကျန်းမာရေး ဗဟုသုတနည်းပါးခြင်းတို့ကြောင့် ဖြစ် သည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	☒	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	☒	
၃	ပိုလီယိုရောဂါ	☒	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	☒	
၅	ဝက်သက်ရောဂါ	☒	
၆	အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှုံမှု**	☒	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	☒	
၈	အာဟာရပညာပေး အစီအစဉ်	☒	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိခင်များကာကွယ်ဆေးထိုးရမည့် အသက်အုပ်စုများနှင့် ကျန်းမာရေးဌာနတို့ အဆက်မပြတ် ဆက်သွယ်မှုရှိနေခြင်းကြောင့် ကာကွယ်ဆေးထိုးနှုံမှု အခြေအနေ မှာ ကောင်းမွန်ပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင်အထက်☐	ရှိ ☐ မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☑၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅	ရှိ ☑

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
	မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☑ ၁၀ မိုင်အထက်☐	ရှိ ☑ မရှိ ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိသော်လည်း ဝန်ထမ်းအင်အားနှင့် ဆေးပစ္စည်းများ နည်းပါးသောကြောင့် ဆေးရုံသို့ တက်ရောက်ကြသူများအား မြို့နယ်ဆေးရုံနှင့် မန္တလေးဆေးရုံများသို့သာ အများအားဖြင့် လွှဲပြောင်းပေးနေရသည်ကို လေ့လာတွေ့ရှိရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)
ရေတွင်း		ကောင်း☐ သင့်☑ ညံ့☐	မိုး၊ဆောင်း၊နွေ
အဝိစိတွင်း/ စက်တပ်		ကောင်း☐ သင့်☑ ညံ့☐	မိုး၊ဆောင်း၊နွေ
အဝိစိတွင်း/ တုံကင်		ကောင်း☐ သင့်☑ ညံ့☐	မိုး၊ဆောင်း၊နွေ
မိုးရေ သိုလှောင်ကန်		ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းရေ		ကောင်း☐ သင့်☐ ညံ့☐	
ရေကန်		ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယ်ဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်းများ၊အဝိစိတွင်း/စက်တပ်များ၊အဝိစိတုံကင်များ မှထွက်သောရေများသည် ထုံးဓါတ်များပါရှိမှုကြောင့် သောက်ရေအဖြစ်အသုံးပြုနိုင်ခြင်းမရှိဘဲ သုံးရေ

အဖြစ်သာ အသုံးပြုကြရပါသည်။ သောက်ရေကို ရေသန့်စက်များမှ ဝယ်ယူသောက်သုံးကြပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၂၁၇၃
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု (၂၁၇၃)ရှိပြီး လူဦးရေမှာ (၁၀၄၃၈)ဦး ရှိသော်လည်း ရေလောင်း ယင်လုံအိမ်သာများကို သာအသုံးပြုလျက်ရှိပြီး သန့်ရှင်းရေး အခြေအနေ ကောင်းမွန်ပါသည်။

(၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	
၃	ရေကြီးခြင်း	တောင်ကျရေ
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၆	မုန်တိုင်း	
၇	ငလျင်	သဘာဝဘေး
၈	မီးဘေး	သဘာဝဘေး
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	ဌက်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် အရှေ့ဘက်၊အနောက်ဘက်၊တောင်ဘက်တွင် တောင် များ ဝန်းရံနေသောကြောင့် မိုးရာသီ မိုးများလျှင် ရေကြီးခြင်း အန္တရာယ်ကို နှစ်စဉ် ကြုံတွေ့ရပါသည်။ထို့ အပြင် ကျေးရွာအတွင်း ရေလမ်းကြောင်းများပေါ်တွင် အဆောက်အဦးများ ဆောက်လုပ်ခြင်းကြောင့် ရေလမ်းကြောင်းများ ပိတ်ဆို့၍ ရေကြီးမှု အန္တရာယ်များ ကြုံတွေ့ရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	နိမ့်	
အပင်မျိုးစိတ်များ		
ရေအရင်းအမြစ်		
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေဩဇာအနေဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ အပင်မျိုးစိတ်များ၊ရေအရင်းမြစ်၊ငါးမျိုးကွဲများ၊အခြားတိရစ္ဆာန်မျိုးကွဲများ မရှိပါ။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ*☑	*မရှိ*☐
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* ☑	*မရှိ*☐

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အုပ်ချုပ်မှုစနစ်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှု အားကောင်းသည်။

စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ ကျည်တောက်ပေါက်ကျေးရွာ၏ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေဖြေရှင်းနည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းစဉ်များ
အခြေခံအဆောက်အဦ					
မိုးရာသီတွင်သွားလာရခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်း မိုးရာသီတွင် ရေများအိုင်နေခြင်း ကျေးရွာတွင်းမှ လှည်း၊ ကား၊ မော်တော်ဆိုင်ကယ်များ အသွားအလာများ ခြင်း	မူရင်းမြေသားလမ်းမှာ အချို့နေရာများတွင် အောက်ခံမြေအမာခံ ရှိခြင်းကျေးရွာလမ်း ကော်မတီရှိခြင်းကျေးရွာမှ အလှူငွေများ နှင့် လုပ်အားများရရှိနိုင်ခြင်း	ကျေးရွာတွင်းလမ်း သည် ရှည်လျားသော ကြောင့် အလှူငွေ များနှင့် လုံလောက်မှု မရှိခြင်းဆောက်လုပ် ရေး နည်းပညာမရှိခြင်း	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် ကျေးလက် ဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်းကျေးရွာ ရန်ပုံငွေစုဆောင်ခြင်း အလှူရှင်များရှာခြင်း တည်ဆောက်ရေးနည်းပညာ များအား ဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံ ခြင်း တည်ဆောက်ရေးပစ္စည်း များစုဆောင်းခြင်း	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း စီမံချက်

ပညာရေး					
ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိခြင်း	ကျောင်းသား/သူများမှာ ဒေသအခြေအနေကြောင့် စီးပွားရေးအခက်အခဲများရှိခြင်း	ရွာသူ/သားအများစုမှာ ပညာရေးအားအထူးစိတ်ဝင်စားခြင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းများဖွဲ့စည်းပြီး ပညာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုရှိခြင်း	ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်မိဘဆရာအသင်းကော်မတီဝင်တစ်ချို့ တက်ကြွလုပ်ရှားမှု အားနည်းခြင်း	ရန်ပုံငွေရရှိရန် စုပေါင်းဆောင်ရွက်ခြင်းနှင့်လိုအပ်သည့်ကိစ္စများကို ပညာရေးဌာနသို့ တင်ပြခြင်း	၂။ပညာရေးမြှင့်တင်ရေးစီမံကိန်း ကျောင်းသုံးပရိဘောဂများ
ကျောင်းသားများအားကစားကဏ္ဍတွင် ထူးချွန်မှုမရှိခြင်း	ကျောင်းတွင်းအားကစားကွင်းမရှိခြင်း	ကျောင်းသား/သူများမှ အားကစားကို စိတ်ဝင်စားမှု ရှိကြပါသည်။	အားကစားအတွက် ရန်ပုံငွေသုံးစွဲမှုနည်းပါးခြင်း	ကျောင်းတွင်းအားကစားကွင်း ပြုလုပ်ပေးရန်	ကျောင်းတွင်းအားကစားကွင်းဆောက်လုပ်ရန်
ကျန်းမာရေး					
ရပ်ကွက်အတွင်းရေတွင်းများသည် တိမ်ခြင်း၊သန့်ရှင်းမှုအားနည်းခြင်းကြောင့် ကူးစက်ရောဂါများဖြစ်ခြင်း	နည်းပညာ၊ဗဟုသုတအားနည်းခြင်း၊နည်းပညာဝန်ဆောင်မှုအပြည့်အဝ မရရှိကြပါ	ကျောင်းသား/သူများ စိတ်ဝင်စားမှု ရှိကြပါသည်	အရင်းအနှီးနှင့်နည်းပညာအားနည်းခြင်း	ကျန်းမာရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးရေးအဖွဲ့များဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	သန့်ရှင်းကောင်းမွန်သောရေတွင်းများ ပြုလုပ်ပေးရန်၊

လျှပ်စစ်မီးကဏ္ဍ						
ကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်း ရုံးပင်ချပ်ရပ်ကွက်တွင် ညအခါအသွားအလာခက်ခဲခြင်း၊ကျောင်းသား/သူများ စာကျက်ရန် ခက်ခဲခြင်း	အရင်းအနှီးလုံလောက်မှုမရှိခြင်း	ကျေးရွာသား/သူများတက်ကြွစွာလှုပ်ရှားပါဝင်ပါမည်	အရင်းအနှီးစိုက်ထုတ်မှုအားနည်းခြင်း	နိုင်ငံတော်မှ ငွေကြေးထောက်ပံ့မှုပေးခြင်း	လျှပ်စစ်မီးတိုင် များတိုးမြှင့်ဆောင်ရွက်ပါမည်	
သယ်ဇာတနှင့်ပတ်ဝန်းကျင်						
မိုးရာသီတွင် တောင်ကျရေများသောကြောင့် ကျေးရွာအတွင်း ရေကြီး ရေလျှံခြင်း	ရေမြောင်းရှိသော်လည်း မြောင်းပိတ်၍ အဆောက်အဦဆောက်ခြင်း၊မြောင်းကောခြင်း၊	မူလရေမြောင်းရှိပါသည်	ရေမြောင်းပေါ်တွင် အဆောက်အဦများရှိနေခြင်း၊ငွေကြေးမလုံလောက်ခြင်း	အစိုးရဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	ရေမြောင်းဖော်ပေးရန်	